(ကဗီရဟ်)ကြီးလေးသော အပြစ်အကုသိုလ်များမှာ

အလ္လာဟ်အရှင်မြတ်အား (ရှိရ်က်)

ယှဉ်တွဲကိုးကွယ်မှုပြုခြင်း၊အလ္လာဟ်အရှင်မြတ်၏

အကြံအစည်တော်ကို စိုးရိမ်မှုမရှိဘဲ စိတ်ချနေခြင်း၊အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်

ကင်းမဲ့ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို

မက်ဆန္ဒမထားခြင်းတို့ဖြစ်သည်။

အဗ်ဒုလ္လာဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ (ကဗီရဟ်)ကြီးလေးသော
အပြစ်အကုသိုလ်များမှာ အလ္လာဟ်အရှင်မြတ်အား (ရှိရ်က်)
ယှဉ်တွဲကိုးကွယ်မှုပြုခြင်း၊အလ္လာဟ်အရှင်မြတ်၏ အကြံအစည်တော်ကို
စိုးရိမ်မှုမရှိဘဲ စိတ်ချနေခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ
မျှော်လင့်ချက် ကင်းမဲ့ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်ကို
မက်ဆန္ဒမထားခြင်းတို့ဖြစ်သည်။ [ဤဟဒီးဆ်၏စနဒ်သည် ဆွဟီးဟ်အဆင့်ရှိသည်။] [အဗ်ဒွရ်ရဇ္ဇာက် ဆင့်ပြန်ခဲ့သည်။]

ဤဩဝါဒတော်၌ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကပြစ်မှုဒုစရိုက်ကြီးများအဖြစ် သတ်မှတ်ထားသည့် အပြစ်အကုသိုလ်များကိုမိန့်ကြားခဲ့သည်။ ၎င်းတို့မှာ - အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းတော်မူခြင်းနှင့်ခဝပ်ကိုးကွယ်မှုခံထိုက်ခြင်းတို့၌ တစ်စုံတစ်ရာကို(ရှိရ်က်) ဖက်စပ်ယှဉ်တွဲမှုပြုခြင်း ဖြစ်သည်။ ဖက်စပ်ယှဉ်တွဲကိုးကွယ်ခြင်းသည် အကြီးလေးဆုံးအပြစ်အကုသိုလ်ဖြစ်သည့်အတွက် ၎င်းဖြင့်အစပြုတင်ပြထားခြင်းဖြစ်သည်။နောက်ထပ်ပြစ်မှုတစ်ခုမှာ အလ္လာဟ်အရှင်မြတ်အပေါ်မျှော်လင့်ချက် ကင်းမဲ့ခြင်းဖြစ်သည်။ ထိုသို့ မျှော်လင့်ချက် ကင်းမဲ့ခြင်းသည်အလ္လာဟ်အရှင်မြတ်အပေါ် မကောင်းသည့် ထင်မြင်ချက်ထားခြင်း၊ အရှင်မြတ်၏ကရုဏာတော်ကျယ်ဝန်းမှုကို မသိနားမလည်ခြင်းပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ကျေးကျွန်အားချက်ချင်း အပြစ်မပေးဘဲ ၎င်းသတိမမူသည့်အချိန်၌ အပြစ်ပေးတော်မူရန်အတွက် ၎င်းအားစည်းစိမ်ချမ်းသာထဲတွင် ခေတ္တမျှလွှတ်ထားကာ အချိန်ဆိုင်းထားခြင်းကိုစိုးရိမ်မှုမရှိဘဲ စိတ်ချနေခြင်းသည်လည်းအပြစ်အကုသိုလ်ကြီးတစ်ခုပင်ဖြစ်သည်။ (ကဗီရဟ်)ကြီးလေးသော အပြစ်အကုသိုလ်များသည် ဤဩဝါဒတော်၌ တင်ပြထားသလောက်သာ ရှိသည်ဟုဆိုလိုခြင်းမဟုတ်ပေ။ ကြီးလေးသော အပြစ်အကုသိုလ်များသည် အများအပြားရှိပြီး၎င်းတို့အနက် အကြီးဆုံးအပြစ်အကုသိုလ်များကို တင်ပြရန် ဩဝါဒတော်ကရည်ရွယ်ခြင်းသာဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/6049